စိတ်ကူးချိုချိုအနုပညာ

mgyoe.com


အမှတ် ၁

# လောကနီတိ

## ပညာရှိခိုင်ရာအခန်း

## ပုံပြဆေးရောင်ခြယ်

ကာတွန်းဗိုသံ စီစဥ်သည်



CARTOON
BOTHAN


mgyoe.com

mgyee.com

လောက လူအပေါင်းတို့၏
အနစ်သာရလည်း မည်၏၊
မိဘလည်း မည်၏၊
ဆရာလည်း မည်၏၊
အဆွေခင်ပွန်းလည်း မည်၏၊
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင်များသော၊
မြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏၊
လောကနီတိ

သင့်ကလေးကို
ဆေးရောင်ခြယ်ဆော့ကစားရင်း
လောကနီတိများကို
မှတ်သားမိသွားစေပါမည်၊









ISBN 9789997114624
BOT3
9 789997 114624
500.00 KS


mgyoe.com

mgyoe.com

mgyoe.com

လောကနီတိဆိုတာ ကျမ်းတစ်စောင်ဖြစ်တယ်ကွဲ့။
သားသားမီးမီးတို့ အပါအဝင် လောကီလူသားတွေရဲ့ အကျိုးဖြစ်ထွန်းစရာ
လောကအကြောင်း၊ ဓမ္မအကြောင်း၊ စီးပွားအကြောင်း၊ ပညာအကြောင်း၊
ရာဇအကြောင်း စတဲ့ အဆုံးအမတွေကို ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ဘဲ
ရှေးနစ်ပေါင်းများစွာကတည်းက ပြုစုထားတဲ့ ကျမ်းတစ်စောင်ဖြစ်လို့
သားသားမီးမီးတို့ သိမှတ်လေ့လာနိုင်ဖို့ ပျော်ရွှင်ဖွယ်ရာလေးတွေဖြစ်အောင်
ဆေးရောင်ခြယ်ပုံလှလှလေးတွေ ရေးဆွဲတင်ဆက်ပေးလိုက်ပါတယ်ကွယ်။

ဦးဦးဗိုသံ



ထုတ်ဝေသူ - ဦးဆန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၀၇၉၊ မဟိုဓိုင်လမ်း၊ ရန်ကင်း။
စောင်ရေ - ၅၀၀။

mgyoe.com

mgyoe.com



ပျင်းသောသူသည် အတတ်ပညာမရနိုင်၊ အတတ်ပညာမရှိသူသည် ဥစ္စာမရနိုင်၊
ဥစ္စာမရှိသူသည် မိတ်ဆွေမရနိုင်၊ မိတ်ဆွေမရှိသူသည် ချမ်းသာသုခ မရနိုင်၊
ချမ်းသာသုခ မရှိသူသည် ကုသိုလ် မရနိုင်၊ ကုသိုလ်မရှိသူသည် နိဗ္ဗာန် မရနိုင်။

mgyoe.com



အတတ်ပညာနှင့်တူသော (ကိုယ်ပိုင်) ဥစ္စာမရှိ။ အတတ်ပညာကို ခိုးသူတို့ မယူနိုင်၊
အတတ်ပညာသည် မျက်မှောက်လောကတွင် မိတ်ဆွေဖြစ်ပြီး
တမလွန်လောကတွင် ချမ်းသာကို ဆောင်တတ်၏။

mgyoe.com




mgyoe.com

အကြားအမြင်ပညာကို နည်း၏ဟု မထိမဲ့မြင် မပြုရာ၊
စိတ်တွင် ကောင်းစွာ မှတ်သားထားရာ၏။
ခြတောင်ပို့သည်လည်းကောင်း၊ မိုးရေပေါက်တို့သည်လည်းကောင်း
ကာလကြာသော် မို့မောက်ပြည့်ဖြိုးတတ်သကဲ့သို့တည်း။




mgyoe.com



အသိပညာကိုဖြစ်စေ၊ အတတ်ပညာကိုဖြစ်စေ သေးသိမ်နည်းပါး၏ဟု  အထင်မသေးသင့်။
ကုန်စင်အောင် တတ်မြောက်ပါက တစ်ခုသော အသိပညာ၊ အတတ်ပညာသည်
အသက်မွေးဝမ်းကျောင်းမှုဖြစ်နိုင်၏။

mgyoe.com

mgyoe.com



တောင်တိုင်းတွင် ပတ္တမြားမရှိ၊ ဆင်တိုင်းတွင် အမြုတေ မရှိ၊
တောတိုင်းတွင် စန္ဒကူးမရှိ၊ နေရာတိုင်းတွင် ပညာမရှိ။

mgyoe.com



အကြားအမြင်နှင့် ပြည့်စုံသောပညာရှင်သည် အကြင်အရပ်တွင် ရှိ၏ဟု အမှန်သဖြင့် ကြားအံ့။
အကြားအမြင်ကို လိုလားရှာမှီးသူသည် ထိုအရပ်သို့ ပြင်းစွာအားထုတ်သွားရောက်သင့်၏။

mgyoe.com



ဝေဒကျမ်းများအတတ် လည်းကောင်း၊ ဓမ္မသတ်ကျမ်းအတတ် လည်းကောင်း၊
သင်္ချာကျမ်းအတတ် လည်းကောင်း၊ ယောဂအတတ် လည်းကောင်း၊
နီတိကျမ်းအတတ် လည်းကောင်း၊ ဝိသေသိက တတ်ကျမ်းအတတ် လည်းကောင်း၊
သီချင်းအတတ် လည်းကောင်း၊ ဂဏန်းအတတ် လည်းကောင်း၊
လေးအတတ်လည်းကောင်း၊ ရှေးစကားအတတ် လည်းကောင်း၊



mgyoe.com

mgyoe.com



ဆေးအတတ်လည်းကောင်း၊ သမိုင်းအတတ်လည်းကောင်း၊ နက္ခတ်ဗေဒင်အတတ်လည်းကောင်း၊ လှည့်ပတ်မှု မျက်လှည့်အတတ်လည်းကောင်း၊ ဆန်းကျမ်းအတတ်လည်းကောင်း၊ အလင်္ကာကျမ်းအတတ်လည်းကောင်း၊ ဂါထာမန္တရားအတတ်လည်းကောင်း၊ သဒ္ဒါကျမ်းအတတ်လည်းကောင်း ထိုသည်တို့ကား အတတ် (၁၈) ပါးတို့တည်း။

mgyoe.com